# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
## မကွေးတိုင်းဒေသကြီး၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ
## ဥပဒေကိုပြင်ဆင်သည့်ဥပဒေ

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ (၁၆) ရက်။

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီး၏

## ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေ

## (၂၀၁၈ခုနှစ်၊မကွေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၅ ။)

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)

မကွေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီး၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီး၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ပုဒ်မ၄၊ ပုဒ်မခွဲ (ဂ)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့၊တိုင်းဒေသကြီးလွှတ်တော်၊တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာန များနှင့်စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းလိုအပ်ချက်အရ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းများ ဆောင်ရွက်ရာတွင် မူလခွင့်ပြုငွေဘောင်အတွင်း သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ် လွှဲပြောင်းသုံးစွဲခြင်းနှင့် ထပ်မံလိုအပ်လျက်ရှိသော သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံး စရိတ်တို့အား တိုင်းဒေသကြီး၏ပိုလျှံအပ်နှံငွေများမှ လွှဲပြောင်းသုံးစွဲခြင်းတို့နှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် လွှဲပြောင်းသုံးစွဲသောကိစ္စရပ်များအား အနီးကပ်ဆုံး တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြမည်ဖြစ်ပြီး ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း များတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း တင်ပြပြီးချိန်နောက်ပိုင်းမှဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။"

၃။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီး၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည်တိုင်းဒေသကြီးအဆင့်ရှိနိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း များ၏လုပ်ငန်းလိုအပ်ချက်အရ ဤဥပဒေ၏ ဇယား(၅)တွင်ဖော်ပြထားသော ရငွေများကိုတိုးခြင်း၊ လျှော့ခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ဤဥပဒေ၏ဇယား(၆)အရ ခွင့်ပြုထားသောအဖွဲ့ အစည်းတစ်ခု၏ သာမန်သုံးငွေများနှင့် ကြွေးမြီသုံးငွေများတွင် ငွေများပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် လုပ်ငန်းစီမံကိန်းများပြောင်းလဲခြင်း

မပြုဘဲ မူလလုပ်ငန်းစီမံကိန်းတစ်ခုအတွင်း ငွေများပြောင်းလဲ သုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် လွှဲပြောင်းသုံးစွဲသော ကိစ္စရပ်များအား အနီးကပ်ဆုံး တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြရမည်ဖြစ်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများပြောင်းလဲခြင်း နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းတွင်လည်းကောင်း၊ ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များ နှင့်အတူ ထည့်သွင်းဖော်ပြရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

၂၃ . ၁၁

ဒေါက်တာအောင်မိုးညို
ဝန်ကြီးချုပ်
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့